# 2019-nCoV လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားသောဒေသမှ ပြန်လာသူများ၏ အတူနေမိသားစုဝင်များ လိုက်နာရန်

မိသားစုဝင်များအနေဖြင့် စောင့်ကြပ်ကြည့်ရှုရန် သတ်မှတ်ထားသူအား မိမိနေအိမ်တွင် ပြုစုရာ၌ အောက်ပါအချက်များအား လိုက်နာဆောင်ရွက်ရမည်။

၁။ ထိုသူအား အိမ်တွင် သီးသန့် ခွဲခြားထားရှိရမည်။

၂။ မလိုလားအပ်ဘဲ ထိုသူနှင့် အနီးကပ်နေထိုင်ခြင်း (သို့မဟုတ်) ရင်းနှီးစွာ ပူးကပ်နေထိုင်ခြင်း မပြုရ။

၃။ လက်ကို ဆပ်ပြာဖြင့် မကြာခဏ စနစ်တကျ စင်ကြယ်စွာ ဆေးကြောပါ။

၄။ ထိုသူ၏ အနီးသို့ သွားရောက် ပြုစုစောင့်ရှောက်ရန် ရှိပါက ခွဲစိတ်ခန်းသုံး ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) နှင့် လိုအပ်ပါက တစ်ခါသုံး ရာဘာလက်အိတ် ဝတ်ဆင်ရမည်။

၅။ အစားအသောက် စားသောက်ချိန်တွင် ထိုသူအတွက် သီးသန့် ပြင်ဆင်ပေးရမည်။ ထိုသူ၏ အသုံးအဆောင်များကို ဂရုပြု၍ သန့်ရှင်းရေးဆောင်ရွက်ရမည်။

၆။ ထိုသူတွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာတွေ့ရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။ ထိုသူအား နေအိမ်ပြင်ပသို့ သွားလာခြင်း မရှိစေရန် စောင့်ကြပ်ကြည့်ရှုရမည်။

၈။ ထိုသူ၏ ကျန်းမာရေးအခြေအနေအား ကျန်းမာရေးဌာနသို့ ပုံမှန်သတင်းပေးပို့ရမည်။

၉။ အခြေခံကျန်းမာရေးပညာရှင်များမှ မိမိအိမ်သို့ လာရောက်၍ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပါက ကူညီဆောင်ရွက်ရမည်။

2019-nCoV

ဤနေရာတွင် Scan ဖတ်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(၇-၂-၂၀၂၀)